နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

**၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၃/၈၉)**

၁၃၅၁ ခုနှစ်၊ တော်တလင်းလဆန်း ၅ ရက်

(၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၇၃ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ ဥပဒေတွင် -

(က) နိဒါန်းကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၃ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ်(၄)နှင့် (၅) တို့ကို အောက်ပါပုဒ်မခွဲငယ်များဖြင့် အစားထိုးရမည်-

(၄) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှု၊စိုက်ပျိုးနှင့်သက်မွေးပညာဦးစီးဌာန

(၅) ဥက္ကဋ္ဌ၊ — အဖွဲ့ဝင်
ပြည်ထောင်စုမြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့